## မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင်ပြပြက္ခဒိန်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ **ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

**၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

**၈။ စီမံချက်ဆိုင်ရာအဆိုပြုလွှာ**

**၉။ကျေးရွာကော်မတီများစာရင်း**

**၁၁။ ကိုးကားစာရင်း**

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဘူးကျွန်းတောင်ကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေး ဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာ တွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြု ချက်များ၊ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


နိုဝင်ဘာ လ ၊ ၂၀၁၇ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဘူးကျွန်းတောင်ကျေးရွာ

ရေနံချောင်းမြို့နယ်

၂။ဘူးကျွန်းတောင်ကျေးရွာ ၊ သယံဇာတပြမြေပုံ



# ၃။ဘူးကျွန်းတောင်ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



## ၄။တည်နေရာနှင့်ပထဝီအနေအထား

ဘူးကျွန်းတောင်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်း တည်ရှိပြီး ရေနံချောင်းမြို့နှင့် (၁)မိုင်ခန့် ကွာဝေး၍ ဧရာဝတီမြစ်အရှေ့ဘက်တွင်တည်ရှိ ပါသည်။ရေဝင်ဒေသဖြစ်သောကြောင့် ကြက်သွန်၊ငရုပ်၊ပန်းမျိုးစုံနှင့် ခရမ်းနှင့် ကုလားပဲ ကို အဓိကထားစိုက်ပျိုးကြ ပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကိုင်းမြေများမှာ မြေဆီလွှာ ကောင်းမွန်ပြီး တောင်သူများ အထွက် နှုန်းတိုး သည်ကို တွေ့ရပါသည်။

## ၇။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘူးကျွန်းတောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၅၄)စုနှင့် ကျား(၂၅၉)ဦး၊ မ(၂၇၈)ဦးဖြင့် လူဦးရေ စုစုပေါင်း (၅၃၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၁)ဦးနှုန်း ရှိကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာလူမျိုးများသာ နေထိုင်ကြပါသည်။

ကျေးရွာတွင် ဆယ်အိမ်မှူး(၁၆)ဦး၊ ရာအိမ်မှူး(၂)ဦး၊ ရွာခွဲတာဝန်ခံ(၁)ဦးပါဝင်သော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က ဦးဆောင်လျက် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့(၅)ဦးဖြင့် ဖွဲ့စည်းကာ မီးဘေးကာကွယ်ရေးများ ဆောင်ရွက်လျက်ရှိပါသည်။ မီးလင်းရေးကော်မတီဖွဲ့စည်းထားပြီး မဟာဓါတ်အားလိုင်းမှမီးရရှိရန် ကြိုးပမ်းလျှက်ရှိပါသည်။အိမ်တိုင်းတွင် တုံကင်တွင်းများတည်ရှိပါသည်။ ကျေးရွာတွင် ပရဟိတအဖွဲ့၊ဓမ္မစကူး၊ယောဂီအသင်းအဖွဲ့များကကျေးရွာသာရေး/နာရေး၊အလှူအတန်းနှင့် ဘာသာရေးတို့တွင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ကိုင်းစိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုး ရိတ်သိမ်းပြီးချိန်တွင် လက်သမား၊ပန်းရန် လုပ်ငန်းနှင့် အခြား ဝင်ငွေရလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြရပါသည်။တောင်သူ မိသားစုအချို့မှာ စိုက်ပျိုးရေးနှင့် တွဲဖက်ကာ တစ်နိုင်တစ်ပိုင် ဝက်၊ နွားမွေးမြူရေး လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာရှိ စာသင်ကျောင်းဆောင် မရှိသောကြောင့် မြို့သို့သွားရောက် ပညာသင်ကြား ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာ၏ ရွာတွင်လမ်း အခြေအနေမှာ မြေသားလမ်း

များဖြစ်ပြီး ဧရာဝတီမြစ်ရေတက်ချိန်တွင် ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးပြီး နွေရာသီတွင် သဲများထပ်စွာကျန် ရှိနေသဖြင့် သွားလာရခက်ခဲနေကြောင်းတွေ့ရှိရပါသည်။ ဧရာဝတီ မြစ်ရေတက်ချိန်တွင် ရေလမ်းခရီး သွားလာရ သော်လည်း လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၆၂)စီး၊သုံးဘီးဆိုင်ကယ်(၂)စီးနှင့် နွားလှည်း (၄၉)စီးတို့ကိုအသုံးပြု လျှက် ရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ဘူးကျွန်းတောင်ကျေးရွာတွင် မြို့နယ်သမဝါယမဦးစီးဌာန၏ ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးချေးငွေ များကို တစ်လလျှင် အတိုးနှုန်း (၁.၅၀) ကျပ်နှုန်းဖြင့် စိုက်ပျိုးရေးချေးငွေများကို အရင်း/အတိုး ပေါင်း၍(၆)လပြည့်လျှင် ပြန်လည်ပေးဆပ်ရပါသည်။ ဧကနည်းတောင်သူများ ကိုတစ်ကြိမ်လျှင်(၆၀၀၀၀)ကျပ် ရရှိပြီး အထောက်အကူရရှိနေသည်ကို တွေ့ရပါသည်။ ကာလတိုေ ချေးငွေဖြစ်သည့်အတွက် သီးနှံပေါ်ချိန် မဟုတ်လျှင် တောင်သူများ အခက်အခဲရှိနေသည်ကိုတွေ့ရှိရပါသည်။ ပတ်ကျန်းမာရေး၊မာရီစတုပ် ပက်ငွေချေးအဖွဲ့ တို့မှ အထောက်အကူပေးလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် စာသင်ကျောင်းဆောင်မရှိသောကြောင့် ကလေးငယ်များ၏ ပညာရေးခက်ခဲကြောင်းတွေ့ရှိရပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ရာသီကူးပြောင်းကာလများတွင် ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်ပြီး အာဟာရချို့တဲ့မှုရှိသော ကလေးအနည်းငယ်သာ တွေ့ရှိရပါသည်။ HIV/AIDS ရောဂါဖြစ်ပွားမှု မတွေ့ရှိရပါ။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု(၁၃၈)စုနှင့် အိမ်သာမရှိသည့်အိမ်ထောင်စု (၁၆)စု ရှိကြောင်း တွေ့ရှိရပါသည်။ မြို့နှင့်နီးသောကြောင့် ကျန်းမာရေးဝန်ဆောင်မှုကောင်းသည်ကို တွေ့ရှိရပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် ကိုင်းမြေဧက (၃၅၀)ရှိပြီး ဧရာဝတီမြစ်ရေဝင်ဒေသဖြစ် သောကြောင့် မြေဆီလွှာကောင်းမွန်ပါသည်။

ကျေးရွာသည် မြေပြန့်တွင်တည်ရှိသောကြောင့် အခြားသဘာဝဘေးအန္တရာယ်မရှိပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေဖြင့် ကျေးရွာမှ စွန့်ပစ်ပစ္စည်းများအား ကိုင်းခင်း များအား

မီးရှို့၍ဖျက်စီးခြင်း၊ မြေကျင်းတူး၍ မြှုပ်ခြင်းများနှင့် သစ်ပင်ပျိုးပင်ငယ်များ စိုက်ပျိုးခြင်းများ ဆောင်ရွက် လျက်ရှိပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့နှင့်အခြားအဖွဲ့များတွင် အမျိုးသမီးများ တက်ကြွစွာပါ ဝင်ပါသည်။ ကျား/မ ရေးရာပြဿနာနည်းပါးပြီး ညှင်းပန်းနှိပ်စက်မှုများ မရှိကြောင်း တွေ့ရှိရပါသည်။

| စဉ် | ဦးဆောင်အုပ်စုများ | ကဏ္ဍအမျိုးအမည်များ | ဖြစ်နိုင်ချေရှိသည့် အခက်အခဲများနှင့် ပြဿနာများ |
|---|---|---|---|
| ၁ | **ရပ်မိရပ်ဖများမှ ဦးဆောင်ဆွေးနွေးမှု** | ၁။ ထိခိုက်လွယ်မှု/ပတ်ဝန်းကျင်နှင့်သဘာဝအရင်း အမြစ်စီမံခန့်ခွဲမှု<br>၂။ အဖွဲ့အစည်းများ<br>၃။ ရွှေ့ပြောင်းလုပ်သား<br>၄။ ပညာရေး<br>၅။ အခြေခံအဆောက်အဦး<br>၆။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး | ၁။ လမ်းပန်းဆက်သွယ်ရေးတွင် အခက် အခဲများရှိပါသည်။ |
| ၂ | **စိုက်ပျိုး/မွေးမြူရေးအုပ်စု** | ၁။ စိုက်ပျိုးရေး<br>၂။ မွေးမြူရေး | ၁။ စိုက်ပျိုးရေးအတွက် ငွေကြေးအခက်အခဲနှင့် မျိုးကောင်း/မျိုးသန့် မရရှိသည့်အခက်အခဲရှိပါသည်။<br>၂။ဓာတ်မြေဩဇာများဈေးကြီးပေးနေရ၍ အလုံ အလောက်အသုံးမပြုနိုင်ခြင်း<br>၃။သီးနှံစိုက်ပျိုးချိန်၌ ကျွဲ၊နွား၊တိရိစ္ဆာန်များနှင့်အားထား လုပ်ကိုင်နေရ၍ စိုက်ပျိုးချိန်နောက်ကျခြင်း<br>၄။ စိုက်ပျိုးရေးနည်းပညာနှင့်ပတ်သက်၍ အသိဉာဏ် နည်းခြင်း<br>၅။ နို့စားနွားမများ နည်းပါးခြင်း |
| ၃ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရအုပ်စု** | ၁။ စိုက်ပျိုးရေး/မွေးမြူရေးအဟုတ်သော ဝင်ငွေရ | ၁။ အလုပ်အကိုင်ရှာပါးမှုနှင့် ငွေကြေးအခက်အခဲများရှိ ပါသည်။ |

| | | | |
|---|---|---|---|
| | | အုပ်စု<br>၂။ ကုန်စည်နှင့် ဝန်ဆောင်မှု ဆိုင်ရာဈေးကွက်<br>၃။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်ရရှိမှု | ၂။ အသက်မွေးဝမ်းကြောင်း အတတ်ပညာ ကျွမ်းကျင်မှု<br>အားနည်းခြင်း<br>၃။ အလုပ်အကိုင်အခွင့်အလမ်းချိတ်ဆက်နိုင်မှု အားနည်း |
| ၄ | **အမျိုးသမီးဦးဆောင်သောအုပ်စု** | ၁။ကျန်းမာရေးနှင့်ဝန်ဆောင်မှုများ၊<br>ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး<br>၂။ ကျား/မရေးရာ | ၁။<br>ဆေးပေးခန်းမရှိသောခြင်း၊အဟာရနည်းပါးခြင်းနှင့်<br>အသိပညာနိမ့်ကျခြင်းများရှိပါသည်။<br>၂။<br>အသက်မွေးဝမ်းကျောင်းသင်တန်းများအခက်အခဲများ<br>ရှိခြင်း |
| ၅ | **လူငယ်အဖွဲ့ဦးဆောင်သောအုပ်စု** | ၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး | ၁။ လမ်းပန်းဆက်သွယ်မှုအခက်အခဲနှင့် အားကစားကွင်း<br>များမရှိခြင်း စာဖတ်အားနဲပါးခြင်း<br>၂။<br>အသက်မွေးဝမ်းကျောင်းသင်တန်းများအခက်အခဲများ<br>ရှိခြင်း<br>၃။ လူငယ်လူရွယ်များ အသိပညာဖွံ့ဖြိုးတိုးတက်ရန်<br>စာကြည့်တိုက်များမရှိခြင်း |

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း | ဧရာဝတီမြစ်ရေဝင်ဒေသဖြစ်ခြင်း၊ | လုပ်အား ရှိခြင်း<br>မူလမြေသားလမ်းရှိခြင်း | နှစ်စဉ် ဧရာဝတီမြစ်ရေဝင်ရောက်ခြင်း၊ငွေကြေးအရင်းအနှီးမရှိခြင်း | အရင်းအနှီးငွေချပေးခြင်း၊<br>မြေသားလမ်းအဆင့်မှ မြေနီလမ်းအဆင့်တိုးမြှင့်ခြင်း | -လမ်းအဆင့်တိုးမြှင့်ရန်၊<br>မြေသားလမ်းအဆင့်မှ မြေနီလမ်းအဆင့်တိုးမြှင့်ခြင်း |
| ၂ | ဓမ္မာရုံမရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ဓမ္မာရုံဆောက်လုပ်ရန် လျာထားမြေနေရာရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | အဆောက်အဦးဆောက်လုပ်ရန် ရင်းနှီးငွေများချပေးခြင်း | ဓမ္မာရုံဆောက်လုပ်ခြင်း |
| ၃ | စိုက်ပျိုးစရိတ်မလုံလောက်ခြင်း၊လယ်ယာသုံးစက်ကိရိယာနည်းပါးခြင်း | စိုက်ပျိုးစရိတ်ချေးငွေမလုံလောက်ခြင်း၊<br>မျိုးကောင်းမျိုးသန့်မရရှိခြင်း၊စက်ကိရိယာဝယ်ယူရန်ငွေကြေးအခက်အခဲရှိခြင်း | စီးပွားရေးအဆင်ပြေနိုင်ခြင်း<br>စိုက်ပျိုးသီးနှံပင်များကောင်းမွန်ခြင်း | စိုက်ပျိုးစရိတ်ချေးငွေမလုံလောက်ခြင်း၊<br>မျိုးကောင်းမျိုးသန့်မရရှိခြင်း၊စက်ကိရိယာဝယ်ယူရန်ငွေကြေးအခက်အခဲရှိခြင်း<br>အသက်မွေးဝမ်းကျောင်းအတွက်အရင်းအနှီးများလိုအပ်ခြင်း | ရင်းနှီးငွေချပေးခြင်း၊<br>မျိုးကောင်းမျိုးသန့်များချထားပေးခြင်း၊<br>စက်ကိရိယာများဝယ်ယူရန်ရင်းနှီးငွေများချထားပေးခြင်း | -မျိုးကောင်းမျိုးသန့်ရရှိရေး၊<br>-လယ်ယာသုံးစက်ကိရိယာများရရှိရေး |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | မွေးမြူရေး အရင်းအနှီး မလုံလောက်ခြင်း | နို့စားနွားမများ မမွေးမြူနိုင်ခြင်း | စီးပွားရေးအလားအလာကောင်းလာ နိုင်ခြင်း | နို့စားနွားများမမွေးမြူနိုင်ခြင်း | စီးပွားရေးပြေလည်မှုရရှိရေးအတွက် နို့စားနွားမများဝယ်ယူချပေးရေး | နို့စားနွားမများရရှိရေး |
| ၅ | စာကြည့်တိုက် | မရှိခြင်း | ဖွံ့ဖြိုးတိုးတက်မည့်လူငယ်များရှိခြင်း စာပေဝါသနာပါသူများရှိခြင်း | စာပေဗဟုသုတစာအုပ်များအတက်ပညာ/အသိပညာစာအုပ်များ စာကြည့်တိုက်များလိုအပ်ခြင်း | စာကြည့်တိုက်အသိပညာအလုံးစုံတို့အတွက်ရင်းနှီးငွေမရှိခြင်း | စာကြည့်တိုက်ဆောက်လုပ်ပေးရန် |
| ၆ | အလုပ်အကိုင်ရှားပါးခြင်း | အလုပ်အကိုင်ရှားပါးခြင်းစားဝတ်နေရေး မပြေလည်ခြင်း | လုပ်အားရှိခြင်းအတက်ပညာရှိသူများရှိခြင်း | အသက်မွေးဝမ်းကျောင်းအတွက်အရင်းအနှီးများလိုအပ်ခြင်း | ရင်းနှီးငွေချပေးခြင်းအလုပ်အကိုင်ရရှိ ခြင်း | စက်ချုပ်သက်မွေးသင်တန်းများဖွင့်လှစ်ပေးရန် |
| ၇ | လူနာတင်ယာဉ်မရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း | | ငွေကြေးအခက်အခဲရှိခြင်း | လူနာတင်ယာဉ်ဝယ်ယူရန်လိုအပ်ခြင်း | -လူနာတင်ယာဉ်ဝယ်ယူရန် |

## ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်းတောင်ကျေးရွာ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ကျေးရွာမှ အဆိုပြုသော စီမံချက်များ | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေနီလမ်းစီမံချက် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉၀ | ၁ |
| ၂ | ဓမ္မာရုံ | ၅ | ၆ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၈၆ | ၂ |
| ၃ | မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စက်ကိရိယာရရှိရေး | ၁၀ | ၁၀ | ၉ | ၉ | ၈ | ၈ | ၉ | ၉ | ၇ | ၇ | ၇၆ | ၃ |
| ၄ | နို့စားနွားမများရရှိရန် | ၉ | ၉ | ၈ | ၈ | ၁၀ | ၁၀ | ၇ | ၇ | ၇ | ၇ | ၇၃ | ၄ |
| ၅ | သက်မွေးသင်တန်းများ | ၁၀ | ၁၀ | ၉ | ၉ | ၈ | ၈ | ၇ | ၇ | ၆ | ၆ | ၇၀ | ၅ |
| ၆ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၈ | ၈ | ၁၀ | ၁၀ | ၇ | ၇ | ၅ | ၅ | ၅ | ၄ | ၆၁ | ၆ |
| ၇ | လူနာတင်ယာဉ် | ၁၀ | ၁၀ | ၇ | ၇ | ၆ | ၅ | ၅ | ၅ | ၄ | ၄ | ၅၃ | ၇ |

ရေနံချောင်းမြို့နယ်၊ဘူးကျွန်းကျေးရွာအုပ်စု၊ဘူးကျွန်းတောင် ကျေးရွာ အချိန်ကာလသတ်မှတ်ချက်

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မြေနီလမ်းစီမံချက် | ၁ | .√ | | | | |
| ၂ | ဓမ္မာရုံ | ၂ | | .√ | | | |
| ၃ | မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စက်ကိရိယာရရှိရေး | ၃ | | .√ | .√ | | |
| ၄ | နို့စားနွားမများရရှိရန် | ၄ | | | .√ | .√ | |
| ၅ | သက်မွေးသင်တန်းများ | ၅ | | | | .√ | .√ |
| ၆ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆ | | | | .√ | .√ |
| ၇ | လူနာတင်ယာဉ် | ၇ | | | | | .√ |

## စီမံချက်များ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ ခွဲခြားသတ်မှတ်ခြင်း

ကျေးရွာအုပ်စုအမည် - ဘူးကျွန်း                ကျေးရွာအမည် - ဘူးကျွန်းတောင်ကျေးရွာ

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | မြေနီလမ်းစီမံချက် | ၁၃၄ သိန်း | ၂သိန်း | ၁၃၂ သိန်း | | |
| ၂ | ဓမ္မာရုံ | ၉၅သိန်း | | | | |
| ၃ | မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စက်ကိရိယာရရှိရေး | ၆၆၅ သိန်း | | | | |
| ၄ | နို့စားနွားမများရရှိရန် | ၂၀သိန်း | | | | |
| ၅ | သက်မွေးသင်တန်းများ | ၇၀သိန်း | | | | |
| ၆ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၇၀သိန်း | | | | |
| ၇ | လူနာတင်ယာဉ် | ၈၀သိန်း | | | | |

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့)စီမံချက်အကြောင်းအရာ ( Project Profile)

| |
|---|
| ကျေးရွာ - ဘူးကျွန်းတောင<br>ကျေးရွာအုပ်စု - ဘူးကျွန်း<br>မြို့နယ် - ရေနံချောင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - မကွေးတိုင်း |
| စီမံချက်အမည် - မြေနီလမ်းခင်းခြင်း |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br><br>လမ်းပန်းဆက်သွယ်မှုများမကောင်းမွန်၍ ကလေးငယ်များ ပညာရေးနှောင့်နှေးနေခြင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့်လမ်းများပျက်စီးနေပါသည်။ |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)<br><br>စီးပွားရေး၊ကျန်းမာရေး၊ပညာရေးဆိုင်ရာ ကဏ္ဍများအဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပါသည်။ |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)<br><br>စီးပွားရေး၊ကျန်းမာရေး၊ပညာရေးဆိုင်ရာ ကဏ္ဍများအဆင်ပြေချောမွေ့ ပါကထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးအနေဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါသည်။ |

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း( ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) |
|---|
| မြေနီလမ်းခင်းရန် |

| ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| ၁၁၉ သိန်း (ငွေသား) | ကျေးလက် ဦးစီးဌာန |
| (ငွေသား) | ဦးစီးဌာန |
| (ငွေသား) | ကျေးရွာ |
| ၁၅ သိန်း (ပစ္စည်း/လုပ်အား) | ဘူးကျွန်းတောင်ကျေးရွာ |
| (ငွေသား) | အဖွဲ့အစည်း |
| (ပစ္စည်း/လုပ်အား) | အဖွဲ့အစည်း |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ ချမ်းသာ | ၂ အလတ် | ၃ ဆင်းရဲ | ၄ အလွန်ဆင်းရဲ | ပေါင်း |
| ကျေးရွာအဆင့် | ၁၄၈ | ၄၀ | ၁၈၈ | ၁၇ | ၃၈ | ၇၃ | ၆၀ | ၁၈၈ |
| အကျိုးခံစားမည့်ဦးရေ | ၁၄၈ | ၄၀ | ၁၈၈ | ၁၇ | ၃၈ | ၇၃ | ၆၀ | ၁၈၈ |
| | | | | | | | | |

မှတ်ချက်။ ချောင်လည်အဆင့် -၁၊အလယ်အလတ်အဆင့်- ၂၊ဆင်းရဲ - ၃၊အလွန်ဆင်းရဲ -၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)နှင့် တာဝန်များ<br><br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ဘူးကျွန်းတောင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ပူးပေါင်းဆောင်ရွက်သွားပါမည်။ |
| (၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) လ နှစ် |
| (၃) စီမံချက်ပြီးစီးမည့်အချိန် လ နှစ် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်<br><br>ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေးနှင့်ရေရှည်ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ<br><br>- ရေရှည်ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာလမ်းကော်မတီများမှ ဆောင်ရွက်ပါမည် |

## ဘူးကျွန်းတောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးခင်မောင်သိန်း | ၈/ရနခ(နိုင်) ၀၃၄၅၁၈ | နာယက | ၀၉-၂၆၃၀၅၁၅၆ |
| ၂ | ဦးသာချို | ၈/ရနခ(နိုင်) | နာယက | |
| ၃ | ဦးထွေးအောင် | ၈/ရနခ(နိုင်) ၀၃၄၅၀၉ | ဥက္ကဋ္ဌ | ၀၉-၄၀၁၆၆၉၄၉ |
| ၄ | ဦးသိန်းမိုး | ၈/ရနခ(နိုင်) ၀၃၄၄၈၀ | အတွင်းရေးမှူး | ၀၉ - ၂၅၇၂၂၁၁၆ |
| ၅ | ဦးခင်မောင်ဇင် | ၈/ရနခ(နိုင်) ၀၃၄၅၉၆ | ဘဏ္ဍာရေးမှူး | ၀၉ - ၄၂၄၉၄၅၆၁၇ |
| ၆ | ဦးမိုလ်လှ | ၈/ရနခ(နိုင်) ၀၇၂၄၁၂ | စာရင်းစစ် | 09-773058204 |
| ၇ | ဦးလွမ်းမိုး | ၈/ရနခ(နိုင်) ၁၀၂၄၁၈ | စာရင်းကိုင် | - |
| ၈ | ဒေါ်ချောလေး | ၈/ရနခ(နိုင်) | အဖွဲ့ဝင် | - |
| ၉ | ဒေါ်ဝင်းဝင်းမော် | ၈/ရနခ(နိုင်) ၁၅၈၈၇၄ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်အေးမြင့် | ၈/ရနခ(နိုင်) ၁၄၉၆၇၆ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်ရီငွေး | ၈/ရနခ(နိုင်) ၀၇၄၈၆၃ | အဖွဲ့ဝင် | |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းလက်စွဲ (စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်) ၂၀၁၈ မတ်လ

၂။ ၂၀၁၇ ခု နိုဝင်ဘာလ ဘူးကျွန်းတောင် ကျေးရွာတွင် ကျင်းပသော ရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းမှတ်စုများ

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာအချက်အလက် မှတ်တမ်းစာအုပ်